


# ပင်စည်ထက် အကိုင်းတုတ်သည့်မြေ

နှင့်ဆူးတောင်စာစုများ

ကန်ဆွန်

(ခရမ်းပြာ)

# တံတားအောက်မှာ
# ရေတို့က စီးသွားကြပြီ



## “တံတားအောက်မှာ ရေတို့ က
## စီးသွားကြပြီ”

အတိတ်ဟောင်းက ဘယ်လို အကြောင်းတွေ ရှိခဲ့တယ်ဆိုတာ မသိပေမယ့် အင်းလျားကန်ကို ရောက်တဲ့ အခါ ပြန်မယ်ဆိုတိုင်း နေလို့ မဝတဲ့ နေရာလေး ဖြစ်ခဲ့ပါတယ်။ ရန်ကုန်ရောက်တိုင်းလည်း အင်းလျားကို ရောက်ခဲ့ပါတယ်။ ကျွန်တော် အလေးအမြတ်ထားရာ နေရာဌာန တစ်ခုလည်း ဖြစ်ပါတယ်။

အင်းလျား ကန်ဘောင်ပေါ်မှာ “ပန်းခရမ်းပြာ” နဲ့ “ ဝေးခဲ့ပြီ ပန်းခရမ်းပြာ” သီချင်းတို့ ကို ဆိုဖြစ်ပါတယ်။ ကျွန်တော့် ဘဝမှာ အကြိမ်ကြိမ် အခါခါ သီဆိုပြီး မရိုးနိုင်တဲ့ သီချင်း နှစ်ပုဒ်ဖြစ်ပါတယ်။ အင်းလျား ကန်ဘောင်ပေါ်မှာ သီဆိုတဲ့ အခါမှာ အဆင်အပြေဆုံး Relax အဖြစ်ဆုံး ဖြစ်ပါတယ်။ အနီးအပါးမှာ လူတွေရှိနေ ဖြတ်သန်းသွားနေလည်း သီဆိုမှုအပေါ် သက်ရောက်မှု မရှိပါ။ ကျွန်တော်ရဲ့ အသံက စစ်မှန်နေတော့ အနီးအပါး လူတွေ အတွက်လည်း အနှောင့်အယှက် မဖြစ်ခဲ့ပါ။ အင်းလျားရဲ့ သာယာမှုကို ပွံ့ပိုးရာ ရောက်ခဲ့ပါတယ်။ ခင်ဝမ်း အမှတ်တရ “ပြည်မှာလည်း ဆောင်းရောက်နေပြီ” ဆောင်းပါးထဲက “ပင်ညိုညို ကုက္ကိုတန်းနဲ့ လွမ်းမောဖွယ် ခရမ်းပြာ ညတွေဟာ အချစ်ဦးကို နမ်းရှိုက်ခဲ့သလို ပါပဲ” . . . ဆိုတဲ့ စာကြောင်းတွေ ရေရွတ်မိပါတယ်။

ကျွန်တော့် ရဲ့ ဇာတိမြေ၊ သိင်္ဂုတ္တရကုန်းနဲ့ တဆက်ထဲ ပဲခူးရိုးမရဲ့

မြောက်ဖျားစွန်း ပြာမှိုင်းမှိုင်း မီးတောင်ဟောင်းကြီး အခြေကမြို့လေးမှာ ဆယ်တန်းအောင်တော့ မိတ္ထီလာ ကန် ဘေးမှာ လွမ်းတေး ဆိုငြီးရမယ် အောက်မေ့နေစဉ် သိင်္ဂုတ္တရ ကုန်းခြေ ရောက်ခဲ့ပါတယ်။ ၁၉၇၉ ခု၊ နိုဝဘာလ် (၁၁) ရက်နေ့ ညနေ (၆) နာရီခန့်မှာ ဒဂုံ- ပုပ္ပါး (က-ပ-ရ) ကားလေးဟာ ပြည်လမ်း လှည်းတန်း ကမာရွတ် ရဲစခန်းရှေ့မှာ ထိုးရပ်လိုက်ပါတယ်။ ရန်ကုန်မြေကို နင်းလိုက်တယ်ဆိုရင်ပဲ ထိုစဉ်က ရန်ကုန်မြို့မှာ သာရှိတဲ့ သုံးဘီးကားတွေ၊ နယ်က မြို့ရွာ ဘုရားပွဲတွေထက် စည်ကားသွားလာနေကြတဲ့ လူတွေ၊ ဥဒဟို သွားလာနေတဲ့ ကားရောင်စုံတွေ ကြည့်ပြီး အလွန် အမင်း အံ့အားသင့် ခဲ့ပါတယ်။ ယခင်က တစ်ကြိမ်မျှပင် မရောက်ဘူးသေးပါ။ ထိုစဉ်က ကားခ (၄၅) ကျပ်၊ ရထားခ (၂၆ ကျပ် ၃၀ ပြား) ဖြစ်ခဲ့ပါတယ်။ ပထမဆုံး ရန်ကုန်ညနဲ့ အစောဆုံး ရန်ကုန် နေ့ရက်တွေကို တက္ကသိုလ်ရိပ်သာ လမ်းက ဝန်ထမ်းအိမ်ယာလိုင်းမှာ ရှိခဲ့ပါတယ်။ စလေမြို့က ရပ်ဆွေ ရပ်မျိုး ဆရာမကြီးအိမ်မှာ နေထိုင်ခဲ့ပါတယ်။ အဲဒီ လိုင်းခန်းတွေထဲမှာ ဆရာကြီး ဦးတင်မိုးလည်း ရှိခဲ့ပါတယ်။ ၁၉၇၉ ခု၊ နိုဝင်္ဘာလ (၁၅) ရက်၊ ကြာသပတေးနေ့မှာ RC 2 လို့ ခေါ်ကြတဲ့ ရန်ကုန် အမှတ် (၂) ဒေသကောလိပ်ကို သင်္ချာ (သိပ္ပံ) ဘာသာဖြင့် စတင် တက်ရောက်ခဲ့ပါတယ်။

တက္ကသိုလ် ရိပ်သာလမ်းမှာ ရက်ပိုင်းမျှ နေထိုင်ပြီး မြေနီကုန်းကို ပြောင်းရွှေ့ခဲ့ပါတယ်။ ကိုကျော်စိုး (ကွယ်လွန်၊ Living Colour မဂ္ဂဇင်း မန်နေဂျာ) နှင့် နေထိုင်ခဲ့ပါတယ်။ ညနေစောင်းတိုင်း မြေနီကုန်း ညဈေးတန်းက စာအုပ်အဟောင်းတန်းကို သွားခဲ့ပါတယ်။ ယခု စူပါမားကက်ကြီးတွေ နေရာမှာ ပါ။ ဝယ်ယူမယ့် စာအုပ်ကို ရွေးချယ်သတ်မှတ်ပြီးတာနဲ့ မဝယ်မယ့် စာအုပ်တွေကို ဆိုင်မှာ ထိုင်ဖတ်ခဲ့ပါတယ်။ ဝဝဖိုင့်ဖိုင့် နှုတ်ခမ်းမွေးကြီးနဲ့ ငသိုင်းချောင်း ဝံသာကို သတိတရ ရှိခဲ့ပါ

တယ်။ သူ့ရဲ့ မိုးဝေ မဂ္ဂဇင်းထဲက ကဗျာတွေကို ကြိုက်နှစ်သက်ခဲ့ပါတယ် ။ လူချင်း မရင်းနှီးပေမဲ့ စိတ်ထဲက ခင်မင်စိတ် ရှိနေတာနဲ့ သူ့ဆိုင်က စာအုပ်တွေကို ဈေးဆစ်ပြီး ဝယ်ယူအားပေး ကျေနပ်ခဲ့ပါတယ်။ နေ့ခင်းဘက်တွေမှာ ဆန်းသီရိ၊ တပင်ရွှေထီး၊ ရတနာပုံ၊ ရွှေမန်း ရုပ်ရှင်ရုံတွေမှာ ကားမရွေးဘဲ ဝင်ကြည့်ခဲ့ပါတယ်။ ဆောင်းတွင်းညဘက်တွေမှာ တော့ ပဒုမ္မာကွင်းထဲက ဇာတ်ပွဲတွေ ကြည့်ခဲ့ပါတယ်။

အဲဒီနောက်မှာ အင်းလျားကန်ဘေး ပြည်လမ်း (၅) မိုင်ခွဲ၊ ၁ (က)၊ ရတနာမြိုင်ခြံထဲကို ရောက်ခဲ့ပါတယ်။ ထိုစဉ်က ခရမ်းပြာဆောင်လို့ အမည်တွင် လိမ့်မယ်၊ အနုပညာ သမိုင်းဝင်နေရာလေး ဖြစ်လိမ့်မယ်လို့ မသိခဲ့ပါ။ မထင်မှတ်ခဲ့ပါ။ ခရမ်းပြာဆောင်မှာ နေထိုင်စဉ် သူငယ်ချင်းများ နဲ့ အတူ အဆောင်ညတွေရဲ့ တက္ကသိုလ် အလှထဲ တေးသီချင်းများ နဲ့ ညစဉ် ဖြည့်ဆည်း ခဲ့ပါတယ်။ လွတ်လပ်မှု ငြိမ်းချမ်းမှုများ နဲ့ ဘဝရဲ့ အသာယာဆုံး အချိန်တွေ ဖြစ်ခဲ့ပါတယ်။

အဲဒီ ကာလတွေမှာ ဝိဇ္ဇာနဲ့ သိပ္ပံကို ခွဲခြားလို့ မရဟု ဆိုကာ “ ရန်ကုန် ဝိဇ္ဇာနှင့် သိပ္ပံ တက္ကသိုလ်” ဆိုင်းဘုတ်ကြီး “နှင့် ” ပြုတ်သွားပြီး “ရန်ကုန် ဝိဇ္ဇာ သိပ္ပံတက္ကသိုလ်” ဖြစ်လာခဲ့ပါတယ်။ အဲဒီနောက် ဝိဇ္ဇာကိုလည်း သိပ္ပံလို့ ပြောလို့ ရတယ်၊ သိပ္ပံကိုလည်း ဝိဇ္ဇာ ပြောလို့ ရတယ်ဟု ဆိုကာ ဝိဇ္ဇာရောသိပ္ပံပါ ပျောက်သွားပြီး ရန်ကုန် တက္ကသိုလ် ဟူ၍ ဖြစ်ပေါ်လာခဲ့ပါတယ်။

အမှတ်(၂) ဒေသကောလိပ်မှာ သင်္ချာ(သိပ္ပံ) သင်တန်းများ ပြီးဆုံးတဲ့အခါ မြန်မာစာ ဘာသာ အဓိကဖြင့် ရန်ကုန် တက္ကသိုလ်ထဲ ဝင်ရောက်ခဲ့ပါတယ်။ အဲဒီအချိန်မှာ ရန်ကုန် အမှတ်(၂) ဒေသကောလိပ်လည်း ရန်ကုန် တက္ကသိုလ် (လှိုင်နယ်မြေ) ဖြစ်သွားခဲ့ပါပြီ။ ထိုစဉ်က မြန်မာစာ ဌာ

နမှာ ဦးခင်အေး ( မောင်ခင်မင်- ဓနုဖြူ) နဲ့ ဦးဇော်မြင့် (ဇော်ဇော်အောင်) တို့ က လက်ထောက် ကထိက၊ ဦးစံတင် (မြန်မာစာဂုဏ်) က ကထိက နဲ့ ဒေါ်စီစီဝင်းက ပါမောက္ခလို့ မှတ်သားမိပါတယ်။ ဇော်ဇော်အောင် ရဲ့ “ ဝေဖန်ရေးကို ဝေဖန်ခြင်း” သင်ခန်းစာကို အမှတ်တရ ရှိခဲ့ပါတယ်။ “ရီရယ်လစ်ဇင် ရီရယ်လစ်ဇင်နဲ့ နောက်တော့ ဆိုရှယ်လစ်ဇင် ဆိုပြီး ဖြစ်လာတယ်။ ဆိုဗီယက်က အာဖဂန်နစ္စတန်ကို ဝင်တိုက်တော့ ဘယ်ရီရယ်လစ်ဇင်လဲ . . . ဆိုတဲ့ ဆရာ့အသံ (ထိုစဉ်က ဆိုဗီယက်ပြည်ထောင်စု မပြိုကွဲသေးပါ)။

နဝဒေးကြီးဟာ ရတုမှာ ပါရဂူပဲ ဆရာ တစ်ဆူပဲ ဆိုပေမယ့် ရတုဘုရင်ကျတော့

နတ်သျှင်နောင် ဖြစ်သွားတယ်၊ အဲဒါ ဘာကြောင့် လဲ ဒီနေရာကို ထိမှန်သွားလို့ ပဲ ဆိုပြီး ဘယ်ဘက်ရင်အုံလေးကို ထောက်ပြတဲ့ ဆရာ့ရဲ့ ဟန်ပန်တွေကို ယနေ့တိုင် ကြားယောင် မြင်ယောင်ဆဲ ဖြစ်ပါတယ်။

ဆရာ မောင်ခင်မင် (ဓနုဖြူ) ဆိုတော့ အတန်းရှေ့ စင်မြင့်ပေါ်မှာ လမ်းလျှောက်ရင်း ခေါင်းလေးကို စောင်းငဲ့ လက်လေးကို နောက်ပစ်ပြီး သူ့ရဲ့ ပီပြင် ကြည်လင်တဲ့ အသံနဲ့ မှတ်စုတွေ အလွတ်ခေါ်ပေးခဲ့တာ မြင်ယောင်မိပါတယ်။ ကျွန်တော်တို့ ရဲ့ အသိအလိမ္မာ ဉာဏ်ပညာ နယ်ထဲကို စာလေပြေလေးတွေ ရိုက်ခတ်ပေးခဲ့ပါလားလို့ ကျေးဇူးတရားတွေကို အောက်မေ့ သတိရမိပါတယ်။ ဆရာ့ ရုပ်ရည်နဲ့ ဉာဏ်ရည်ဟာ တစ်ခြားစီမို့ အလှတရားကို သိမြင်ခဲ့ရပါတယ်။

၁၉၈၆ မှာ တော့ ပညာရေး ဝန်ကြီးဌာနက ပိုင်နိုင်ကျွမ်းကျင်စွာ တတ်မြောက်ပြီဟု ယူဆကာ ဝိဇ္ဇာဘွဲ့ ရရှိခဲ့ပါတယ်။ ရှည်လျားတဲ့ စာသင်ခန်း နေ့ရက်များ လည်း တောင်ငူဆောင်မှာ အဆုံးသတ်ခဲ့ပါတယ်။ နှစ်စ

ဉ် စနစ် ပြောင်းလျှင်ပြောင်း၊ မပြောင်းလျှင် ပြဋ္ဌာန်းစာအုပ် ပြောင်းခြင်း ကြုံခဲ့ရတဲ့ ကျွန်တော့်ရဲ့ ကျောင်းပညာရေးခရီး နိဒါန်းတံ ခဲ့ပါတယ်။

၁၉၈၈ အပြီးမှာ တော့ တံတားဖြူကနေ တံတားနီဖြစ်သွားတဲ့ နိုင်ငံ ရေ းလ ှိုင ်းတ ံပ ိုးတေ ွအေ ၁က ်မ ၂၁ ခရမ်းပြာဆောင်လည်း ပျောက်ကွယ်သွားခဲ့ပါတယ်။ ခရမ်းပြာဆောင်နဲ့ အတူ ကုက္ကိုလ်ပင်ညို တန်းကြီးလည်း ပျောက်ကွယ်သွားခဲ့ပါတယ်။

တေးဂီတ အနုပညာ စိတ်ဆန္ဒတွေနဲ့ ရန်ကုန်မြို့တော်ကြီးကို ပူတုံးခွါ တုံ ကျင်လည်ရင်း မိမိနဲ့ ပဋိရူပမဖြစ်တဲ့ အရပ်တွေမှာ ဘဝကို ကြုံသလို နွံခဲ့ရပါတယ်။

၁၉၉၆ မှာ တော့ ဘဝမှာ မိမိအလုပ်ချင်ဆုံး အလုပ်တစ်ခုကို မလုပ် လိုက်ရ မရှိလေအောင်ဆိုပြီး တေးစီးရီး တစ်ခုပြုလုပ်ခဲ့ပါတယ်။ ကို အောင်ဝင်း (ဒဿနိကဗေဒဌာန-ကထိက၊ ဝေးခဲ့ပြီ ပန်းခရမ်းပြာ သီချင်းရေးဖွဲ့ခဲ့သူ - ကွယ်လွန်)၊ ကိုမင်းသိန်း (ကလော G.T.I-ကွယ်လွန်)၊ ကိုပန်တိတ် (ဝိုင်းလင်း၊ ဇွန်မိုးဦး အမည်များ ဖြင့် ကဗျာဆောင်းပါးများ ရေးသားခဲ့သူ - ကွယ်လွန်)၊ ကိုဇော်ဇော် (ယခု ပန်းရဲ့ လမ်း) ၊ ကိုအောင် ကျော်လွင်တို့ နဲ့ အတူ သိင်္ဂုတ္တရကုန်း ခြေမြို့တော်ကြီးမှာ ပြုလုပ်ခဲ့ပါတ ယ်။ ခရမ်းပြာ နေ့ရက်များမှာ ကျွန်တော်တို့ ရေးဖွဲ့ခဲ့တဲ့ သီချင်းတွေကို အသံသွင်းခဲ့ပါတယ်။ တီးဝိုင်းအဖွဲ့ကို Wizardလို့ အမည်ပေးခဲ့ပါတယ်။ ကိုဇော်ဇော်က သီဆိုပါတယ်။ Lead ကိုအောင်ခိုင် (မိတ္ထီလာ)၊ Bass ကိုရဲ လွင်၊ Keyboard ကိုကျော်စိုးနိုင် ၊ Drum ကိုမောင်ဝင်းနဲ့ Classic Guitar ကိုမင်းသိန်းတို့ တီးခတ်ခဲ့ပါတယ်။ တေးဂီတ လောကသားတွေကြားမှ ဒီဇင်ဘာစတူဒီယိုမှာ နယ်က Own Tune သီချင်းတွေ ကောင်းတယ်၊ သ န့်တယ် ဆိုတဲ့ အသံတွေက အပန်းပြေခဲ့ပါတယ်။ တေးစီရီးကို “အလေ့

ကျ ညတွေ” လို့ အမည်ပေးခဲ့ပါတယ်။ တေးစီးရီးနဲ့ ပါတ်သက်တဲ့ ကျွန်တော့်ရဲ့ ခံစားမှုတွေကို “အလေ့ကျ ညတွေရဲ့ ပုံရိပ်ကောင်ကြောင်း” ဆိုပြီး တေးစီးရီး ဆောင်းပါး ရေးခဲ့ပါတယ်။ ရုပ်ရှင်တေးကဗျာ မဂ္ဂဇင်းက ဖော်ပြပေးခဲ့ပါတယ်။ တေးစီးရီး ထုတ်လွှင့်ဖို့ အတွက် ရုပ်/သံ မှာ ကြော်ငြာထည့်ရန် ဗီဒီယို ရိုက်ကူးခဲ့ပါတယ်။ ဒါရိုက်တာအဖြစ် ဇော်သက်ထွေး (ယခု စာနယ် ဇင်းကောင်စီ) က ရိုက်ကူးပေးခဲ့ပါတယ်။ အကျိုးအမြတ်မှာ သံလျင်ဘက်မှာ ကြော်ငြာရိုက်ကူးနေစဉ် ကိုနေဝင်း လိုက်ပါလာခဲ့ရာ ထိုစဉ်က ကိုနေဝင်းမှာ အနုပညာ စိတ်မှ လွဲ၍ ပတ်ဝန်းကျင်ကို မေ့လျော့လျော့ ဖြစ်နေချိန် စိတ်လွတ် ကိုယ်လွတ် ဂစ်တာတီးပြီး သီချင်းဆိုနေပုံကို မှတ်တမ်းပြုနိုင်ခဲ့ပါတယ်။

အလေ့ကျညတွေ တေးစီးရီး အသံသွင်းပြီးတဲ့ အခါ ကိုပန်တိတ် (ဝိုင်းလင်း၊ ဖွန်မိုးဦး) ရဲ့ “ငါ့ကိုငါပြန်လည် ရောက်ရှိခြင်း” တေးစီးရီးကို မန္တလေးအဖွဲ့နဲ့ ကျော်စတူ ဒီယိုမှာ အသံသွင်း ခဲ့ပါတယ်။ သီချင်းအားလုံးကို ကိုပန်တိတ် ကိုယ်တိုင်ရေးဖွဲ့ သီဆိုခဲ့ပါတယ်။ ကိုပန်တိတ်ရဲ့ စိတ္တဇဆန်ဆန် ၊ မော်ဆန်ဆန် စိတ်ကူးတွေကို ဇော်မျိုးထွဋ် က စီမံခန့်ခွဲပုံဖော် တီးခတ်ပေးခဲ့ပါတယ်။ ခင်မောင်တိုးက ပရိတ်သတ် ဘယ်လိုတုံ့ပြန်မလဲဆိုတာ သိလို၍ စီးရီးမထွက် သေးဘူးလား မကြာခဏမေးမြန်းခဲ့ပါတယ်။ အဲဒီတေးစီးရီးနဲ့ ပါတ်သတ်လို့ လည်း “အတ္တဘဝမှန်သို့ ပြန်လည် ရောက်ရှိလာသော ကိုပန်၏ သီချင်းများ ” ဟူ၍ တေးစီးရီး ဆောင်းပါးရေးခဲ့ ပါတယ်။ ရုပ်ရှင်တေးကဗျာ မဂ္ဂဇင်းမှာ ဖော်ပြခဲ့ပါတယ်။

ကျော်စတူ ဒီယိုမှာ တေးစီးရီးကို အပြီးသတ်တီးခတ် ပြီးတဲ့ နေ့က နံနက်(၂) နာရီ ခန့်ရှိ နေပါပြီ။ စတူဒီယိုကနေ ဇော်မျိုးထွဋ်ရဲ့ ကားလေးနဲ့ ကျွန်တော်၊ ကိုမင်းသိန်းနဲ့ ကိုပန်တိတ်တို့ လိုက်ပါလာခဲ့ပါတယ်။ ရွှေဂုံ

တိုင် မီးပွိုင့်လမ်းဆုံမှာ ကျွန်တော်တို့ ဆင်းနေခဲ့ပါတယ်။ မိုးမလင်းသေးတာနဲ့ ဟိုဘက်မီးပွိုင့် ကူးလိုက်၊ ဒီဘက်မီးပွိုင့် ကူးလိုက် နေခဲ့ပါတယ်။ နှင့် တွေလည်း သုန်သုန်မှုံမှုံ ကျဆင်းနေပါတယ်။

ယခုအခါမှာ တော့ ကျော်စတူဒီယိုက ပြန်လာခဲ့တဲ့ လေးယောက်မှာ ကျွန်တော် တစ်ယောက်သာ အသက်ရှင်လျက် ကျန်ခဲ့ပါတယ်။ ထိုစဉ်က ကျွန်တော့်မှာ လည်း လောကဓံတွေက စကောထဲဆီဖြူသီး ထည့်လှိမ့်လိုက်သလိုပြောင်းဆန်လို့ နေခဲ့ပါတယ်။

တက္ကသိုလ်ကျောင်းသားဘဝမှာ ထဲက လှည်းတန်းကို စွဲလန်းခဲ့လို့ အင်းလျားကနေ လှည်းတန်း ဘက်လျှောက်လာခဲ့ရာ ရန်ကုန်မြေကို ပထမဆုံးခြေချခဲ့တဲ့ နေရာမှာ ကမာရွတ်ရဲစခန်း မရှိတော့ပါ။ ခုံးကျော်တံတားကြီးက ကျွန်တော့်အပေါ် မိုးနေပါတယ်။ ရာမည ဆောင်ဘက်မှာလည်း ခြောက်သွေ့နေပါတယ်။

အင်းလျားကန်ဘောင်ပေါ်မှ ပြန်ဆင်းလာခဲ့ရာ လွမ်းဆွတ်တမ်းတမှုခြေလှမ်းတွေပေါ်က ဇာတ်ကြောင်း ပြန်ခဲ့သမျှတွေလည်း ၊ တချို့လည်း လုံးဝပျောက်ကွယ် သွားခဲ့ပါပြီ။ တချို့လည်း အတိအကျ မရှိတော့ပါ။ ကျွန်တော့်ရဲ့ လက်တွဲဖော်တွေလည်း အနုပညာ ခရီး တာထွက်မှာ ပင်အပြီးတိုင် လမ်းခွဲသွားကြပါပြီ။ ကျွန်တော်တို့ ရဲ့ တေးစီးရီးနှစ်ခွေလည်း ယနေ့တိုင် မမေ့နိုင်ပေမယ့် မထုတ်လွှင့်နိုင်ခဲ့ပါ။ ထိုတေးစီးရီး နှစ်ခုအတွက် ရေးသားခဲ့တဲ့ စာနှစ်ပုဒ်ကြောင့် ကျွန်တော့်မှာ သာစာပေ တစ်သက်လွတ်ရက်မရှိ ဖြစ်ခဲ့ပါတယ်။ တစ်ယောက်ထဲ စာပေနယ်ပယ်မှာ တူးရင်းနဲ့ နက်သထက် နက်လာခဲ့ပါတယ်။

တံတားအောက်မှာ ရေတို့ က စီးသွားကြပြီ။

ကျွန်တော် ကိုယ်တိုင်လည်း စီးဆင်းသွားခဲ့ပါပြီ။

ပင်ညိုညိုရိပ်တွေ မြမြက်ခင်းစိမ်းတွေ ဘယ်ဆီမှာ လဲ မရှိတော့ပါ။

*



# လူတွေစာမဖတ်ကြတော့ခြင်း၏ ဧကောဇမ္ဗော အကြောင်းတရား

“ လူတွေ စာမဖတ်ကြတော့ခြင်း၏
ဇကောခမ္မော အကြောင်းတရား”

# အလိမ္မာ စာမှာ ရှိ
# စာလိမ္မာ ရှာကာကြည့်
# လိမ္မာမယ့် စာသာ ရှာကာကြည့်
# စာအုပ်စာပေ လူ့မိတ်ဆွေ . . .

ဆိုတော့ကာ . . . .

လူတို့ အတွက် အသိအလိမ္မာ တရားများ ၊ လူတို့ ၏ အသိအလိမ္မာ တရားများ သည် စာအုပ်စာပေများ ထဲတွင် တည်ရှိနေသည် ။ ထို့ကြောင့် စာအုပ်စာပေတို့ သည် လူတို့ ၏ မိတ်ဆွေများ ဖြစ်ကြသည် ဟု ဆိုပါသည် ။ သို့သော်လည်း ယနေ့အချိန်အခါတွင် လူတွေစာမဖတ် ကြတော့ ဟု ဆိုကြရာတွင် စာအုပ်စာပေတွေက လူ့မိတ်ဆွေတွေ ဖြစ်ကြပါလျက် လူတွေက စာအုပ်တွေရဲ့ မိတ်ဆွေ မဖြစ်ကြတော့ဟု ဆိုရပါမည်။ လူတွေက အသိအလိမ္မာ တရားတွေရဲ့ မိတ်ဆွေ မဖြစ်ကြတော့ဟု ဆိုရပါမည်။ ဤ အကြောင်းအချက်သည် လူတွေ စာမဖတ်ကြတော့ခြင်း၏ ဇကောခမ္မော တစ်ခု တည်းသော အကြောင်းတရား ပင်ဖြစ်ပါသည် ။

ကျွန်တော်တို့ ငယ်စဉ်အခါ ဆော့ကစားလို့ ကောင်းတုန်းအရွယ်မှာ

ပင် ယနေ့ခေတ် စကားဖြင့် ‘ပေါက်’ နေသော စာအုပ်များ သည် ကျွန်တော်တို့ နားထဲသို့ ရောက်လာခဲ့ပါသည် ။ နားယဉ်ခဲ့ပါသည် ။ စာအုပ်ခေါင်းစီး အမည်များ နှင့် ယဉ်ပါးခဲ့ပါသည် ။ ရင်းနှီးခဲ့ပါသည် ။ တက္ကသိုလ် ဘုန်းနိုင်၏ “သူငယ်ချင်းလိုပဲ ဆက်၍ ခေါ်မည်ခိုင်”၊ “နွေကန္တာဦး . . . ” ၊ နိုင်ဝင်းဆွေ၏ “ မသိန်းရှင်ဆီ ပို့ပေးပါ . . .”၊ မြသန်းတင့်၏ “ဓါးတောင်ကို ကျော်၍ မီးပင်လယ်ကို ဖြတ်မည်”၊ “ စစ်နှင့် ငြိမ်းချမ်းရေး . . .”၊ သခင်တင်မြ၏ “ဘုံဘဝမှာ ဖြင့် . . .”၊ မောင်သာနိုး၏ “ထင်းရှူးပင်ရိပ် . . .” စသည့် စာအုပ်အမည်များကို ဆော့ကစားရင်းကပင် အစ်ကိုအစ်မများ ၊ ဦးကြီးဦးလေး အဒေါ်များ စသည့် လူကြီး သူမများ ပြောသံကြားနှင့် နားယဉ်ခဲ့ပါသည် ။ မောင်သာရ၊ သခင်မြသန်း၊ ဇန်းမော်တင်အောင် ၊ ဒဂုန်တာရာ၊ လူထု ဒေါ်အမာ၊ တင်မိုး၊ မောင်စွမ်းရည်၊ ကြည်အောင် . . . စသည် ဖြင့် စာရေးဆရာများ ၏ အမည်များ နှင့် လည်း ရင်းနှီးခဲ့ပါသည် ။ ယဉ်ပါးခဲ့ပါသည် ။ ဆော့ကစားသည့် အရွယ် ကျော်လွန်လို့ စိတ်ကူးယဉ် အချစ်ဝတ္ထုတွေ ဖတ်ပြီးသည့် အခါ ငယ်ရွယ်စဉ်ဆော့ကစားသည့် အရွယ်က နားယဉ်ခဲ့သည့် စာအုပ်အမည် စာရေးဆရာ အမည်များသည် ကျွန်တော်တို့ ဖတ်ရမည့် စာအုပ်စာရင်း၊ စာရေးဆရာစာရင်းများ ဖြစ်လာခဲ့ပါသည် ။ ဤသို့ဖြင့် စာဖတ်ဖြစ်လာခဲ့ပါသည် ။ စာအုပ်တွေကို မဝယ်ရလျှင်မနေနိုင် ဖြစ်လာခဲ့ပါသည် ။ မဖတ်ရလျှင် မနေနိုင် ဖြစ်လာခဲ့ပါသည် ။

ထို့ကြောင့် လည်း ထိုစဉ်က စာအုပ်တွေကို အကြိမ်ကြိမ် ရိုက်နှိပ် ထုတ်ဝေခဲ့ရပါသည် ။၁၉၇၃ ခုနှစ်က ရေးသားခဲ့သော ဆရာမြသန်းတင့်၏ “ဓါးတောင်ကို ကျော်၍ မီးပင်လယ်ဖြတ်မည်” စာအုပ်သည် (၁၃) ကြိမ် ရိုက်နှိပ်ထုတ်ဝေခဲ့ရပါသည် ။ (၆) အုပ်တွဲ ရုပ်ပြ ဇာတ်လမ်းလည်း ထုတ်ဝေခဲ့သည် ။ မြတ်လေး၊ ကောလိပ်ဂျင်နေဝင်း၊ မို့မို့မြင့်အောင်တို့ က

အသံလွင့်ဇာတ် ပြုလုပ်ခဲ့သည် ။ မြို့တော် မောင်ယဉ်အောင်က စင်တင်ပြဇာတ် ပြုလုပ်ပြီး မြန်မာပြည်အနှံ့အပြား ကပြခဲ့သည် ။ ဓါးတောင် သံချောင်း ကို မွေးထုတ်ခဲ့သည် ။ မင်းသားကြီး ကျော်ဟိန်းက ရုပ်ရှင် အဖြစ် ရိုက်ကူးခဲ့ပါသည် ။ ၁၉၈၄ ခုနှစ်တွင် ဂျပန်နိုင်ငံတွင် ဂျပန်ဘာသာဖြင့် ပြန်ဆိုခဲ့သည် ။ အနောက်နိုင်ငံများ တွင် လည်း အင်္ဂလိပ်ဘာသာဖြင့် ပြန်ဆိုခဲ့သည် ။ ဤမျှပင် စာအုပ်စာပေသည် လူတို့ ၏ မိတ်ဆွေ ဖြစ်ခဲ့ပြီး လူတို့ သည် လည်း စာအုပ် စာပေ၏ မိတ်ဆွေ ဖြစ်ခဲ့ပါသည် ။ အညမည၊ သဟဇာတ ဖြစ်ခဲ့ကြပါသည် ။ ထိုစဉ်က လူဦးရေ သန်းနှစ်ကျော် မျှ ရှိသော်လည်း တစ်ကြိမ်လျှင် စာအုပ်ရေသောင်းချီ ရိုက်နှိပ်ထုတ်ဝေကြရပါသည် ။ ထိုစဉ်က တိုင်းပြည်၏ စီးပွားရေးနှင့် လူမှုဆက်ဆံရေး အကျင့် စာရိတ္တများ လည်း တည်ငြိမ် ကောင်းမွန်ဆဲ ဖြစ်ပါသည် ။ ထို့ကြောင့် လည်း လူ့ဂုဏ်သိက္ခာနှင့် တန်ဖိုးများ မြင့်မားခဲ့ကြပါသည် ။

ထို့နောက်တွင် တဖြည်းဖြည်း တိုင်းပြည် စီးပွားရေး နှင့် လူမှုဆက်ဆံရေး အကျင့် စာရိတ္တများ ပျက်ပြားလာသည့် အခါ စာဖတ်ပရိသတ်များ တဖြည်းဖြည်း ယုတ်လျော့လာခဲ့ပါသည် ။ ၁၉၆၄ ခု၊ ဩဂုတ်လ ၆ ရက်နေ့မှ ၂၀၁၂ ခု၊ ဩဂုတ်လ ၂၀ ရက်နေ့ ထိ ၄၈ နှစ်နှင့် ၁၄ ရက် ကြာညောင်းခဲ့သော စာပေစိစစ်ရေး အဖွဲ့ကြီးသည် လည်း မြွေပူရာကင်းမှောင့် ပေါ်ပေါက်ခဲ့ပါသည် ။ ဝတ္ထုစာအုပ် သီချင်းစာအုပ်များ တွင် အကျိုးပြု စာပုဒ်စာမျက်နှာ ဘယ်ရွေ့ဘယ်မျှ ပါရမည်ဟု ဆိုကာ စာပေအနုပညာကို စော်ကားခဲ့ပါသည် ။ ဘာကို အကျိုးပြုသည် ကို နားမလည်နိုင်ပါ။ သူတို့ ကို မေးလျှင်လည်း ဘာမျှပြောပြနိုင်မည် မဟုတ်ပါ။ အာဏာရှင်ခေတ် ရင့်မာလာသည့် အခါတွင် စာပေ စိစစ်ရေး အဖွဲ့၏ နှိပ်ကွပ်မှုများ ပြင်းထန်လာခဲ့ပါသည် ။ ဆရာမြသန်းတင့်၏ စာပေစိစစ်

ရေးက ပယ်လိုက်သော စာအုပ်အရေ အတွက်သည် ဆရာမြသန်းတင့် ထုတ်ဝေခွင့် ရခဲ့သည့် စာအုပ်ထက်ပင် များ သည် ဟု ဆိုပါသည် ။ ဆရာ မြသန်းတင့် ထုတ်ဝေခဲ့သည့် စာစု စာရင်းသည် ပင်လျှင် ကျမ်းတစ်စောင် ပေတစ်ဖွဲ့မျှ ရှိခဲ့ပါသည် ။ ထို့ကြောင့် လည်း စာပေကင်ပေတိုင် ဟု ကျော်ကြားခဲ့ပါသည် ။

ပြန်လည်ထုတ်ဝေခွင့် မရသည့် စာအုပ်များကြောင့် စာအုပ် အသစ်ဈေးထက် ဈေးချိုရမည့် စာအုပ်အဟောင်းဈေးသည် စာအုပ်အသစ်ဈေးထက် ကြီးမြင့်သွားခဲ့ပါသည် ။ ကပြောင်းကပြန် ဖြစ်သွားခဲ့ပါသည် ။ စာကောင်းပေမွန်များ မထွက် ပေါ်နိုင်ဖြစ်ခဲ့ပါသည် ။

တိုင်းပြည်စီးပွားရေး ကျဆင်းလာခဲ့သော်လည်း ထိုအချိန်ထိ စာဖတ်ပရိသတ်ကျဆင်းလာသည့် ဟု မဆိုနိုင်သေးပါ။ ကိုယ်ပိုင်ဝယ်ယူ ဖတ်ရှုသည့် စာဖတ်ပရိသတ်သာ ကျဆင်းခဲ့ပါသည် ။ စာအုပ်အငှားဆိုင်များ ပေါ်ပေါက်လာကာ ငှားရမ်းဖတ်ခဲ့ကြပါသည် ။ နုနုရည် (အင်းဝ)၊ ဂျူးနှင့် မန္တလေး ဝတ္ထုတို ရွှေခေတ် စာရေး ဆရာများ ထိုကာလများ တွင် ပေါ်ပေါက်လာခဲ့ပါသည် ။

ထို့နောက် တိုင်းပြည်လူမှု ဆက်ဆံရေး အကျင့်စာရိတ္တများ ပျက်ပြားသွားခဲ့ပါသည် ။ အစိုးရ ရုံးဌာနများ တွင် လာဘ်ပေးလာဘ်ယူမှုများ သည် သာမန်လုပ်ငန်း သဘောမျှသာ ဖြစ်လာခဲ့ပါသည် ။ စက်ဆုပ်ရွံရှာ ပြစ်တင် ရှုတ်ချ စရာအဖြစ်မှ ဂုဏ်ပုဒ်တစ်ခု အဖြစ်သို့ ရောက်ရှိလာခဲ့ပါသည် ။ ထို့နောက်တွင် တိုင်းပြည်၏ သယံဇာတပစ္စည်းများကို အာဏာရှင်များ နှင့် အမြီးစားဖက် ခေါင်းစာဖက် ပြုလုပ်ကာ ခရိုနီ သူဌေးကြီးများ ပေါ်ပေါက်လာခဲ့ပါသည် ။ ထို့ပြင်တိုင်းပြည်၏ နိုင်ငံရေး အကျပ်အတည်း စီးပွားရေး အကျပ်အတည်းများမှ ထွက်ပေါက်အဖြစ်

လောင်းကစားများကို တစ်ပွဲတိုး ဆေးမြီးတို အဖြစ် ရှင်သန်ကြီးထွားခွင့် ပြုကသခဲ့ရာမှ လည်း ကျဆင်းယုတ်လျော့လာသည့် အကျင့်စာရိတ္တများ ကို အဆင်းဘီးတပ်ပေးသလို ဖြစ်ခဲ့ပါသည် ။

အကျင့်စာရိတ္တ ယုတ်လျော့ ပျက်စီးလာမှုကြောင့် အကြောင်းများ စွာ ပေါင်းဆုံလာသည့် အခါတွင် လူတို့ ၏ စိတ်တွင် ရိုးရိုးတန်းတန်း လုပ် ကိုင်၍ မကြီးပွားနိုင်ဟူသော အသိသည် မလုပ်ခါမှ နေရော လုပ်ခွင့်ကြုံ ခါမှ နေရော အတွင်းစိတ်ဓာတ်ခံ ဖြစ်သွားခဲ့ပါသည် ။ အကျင့်စာရိတ္တ ပျ က်မှန်း မသိပျက်သွားခဲ့ကြပါသည် ။ အသိအလိမ္မာ ရိုးသားမှု အလုတ ရားများ နှင့် ဝေးမှန်းမသိ ဝေးသွားခဲ့ကြပါသည် ။ ဤအချက်သည် စာ အုပ်စာပေတွေက လူ့မိတ်ဆွေ ဖြစ်နေပါလျက် လူတို့ က စာအုပ်စာပေ ၏ မိတ်ဆွေ မဖြစ်ကြခြင်း (ဝါ) လူတွေ စာမဖတ်ကြတော့ခြင်း၏ ဧ ကောဓမ္မော တစ်ခုတည်းသော အကြောင်းတရား ဖြစ်ခဲ့ပါသည် ။ ဆင်ဖြူမျက်နှာ ဆင်မဲမကြည့်သလို ဖြစ်ခဲ့ပါသည် ။

ယနေ့ ကမ္ဘာ့အဆင့်မှီ သူဌေးကြီးများ ပေါ်ပေါက်ရာ ကမ္ဘာ့အဆင်းရဲ ဆုံး နိုင်ငံစာရင်းမှ မထွက်နိုင်သေးသော၊ နှစ်ရှည် နိုင်ငံရေး အကျဉ်း သားများ ရှိရာ ကမ္ဘာ့ အရှည်ကြာဆုံး ပြည်တွင်းစစ် ဖြစ်ပွားနေသော၊ အ ဂတိလိုက်စားမှု အများ ဆုံး စာရင်းဝင် မြန်မာ နိုင်ငံတွင် လူဦးရေ သန်း ငါးဆယ်ကျော် ရှိသော်လည်း စာအုပ်ရေ ငါးရာမျှသာ အနိုင်နိုင် ရိုက်နှိပ် ထုတ်ဝေ နိုင်ကြသည် မှာ အဆန်းတော့ မဟုတ်ပါ။ ဦးသန့်၏ ကုလသမ ဂ္ဂ နောက်ဆုံးနှုတ်ဆက် မိန့်ခွန်းထဲကလို စိတ်ဓာတ်တွေ ပြန်လည်ဆန်း သစ်သည့် ခေတ်ကို ကြိုးစားကြရန်သာ ရှိပါတော့သည် ။

We must try to establish in each spiritual renascence

*